**ကုန်ထုတ်လုပ်ငန်း နှင့်**
**အခြားလုပ်ငန်းများ**

အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန
Gwangju ဒေသဆိုင်ရာရုံး

# လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးအတွက် ဤအချက်များကို မဖြစ်မနေလိုက်နာပါ

## အလုပ်သမားများအတွက် အဓိက ဘေးကင်းလုံခြုံရေး စည်းမျဉ်းများ

| | | |
|---|---|---|
| ①<br>ဝန်ပင့်ယာဉ် | √ လိုင်စင် သို့ အရည်အချင်း ပြည့်မီသူသာ မောင်းနှင်ရမည်။<br>√ မောင်းနှင်ခြင်းမပြုလုပ်ပါက ကားသော့ကို ဖြုတ်ထားရမည်။<br>√ အချက်ပြသူကို နေရာချထားပြီး အချက်ပြမှုကို လိုက်နာရမည်<br>√ ထိုင်ခုံခါးပတ်ပတ်ပါ၊ သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်ပါ။ |  |
| ②<br>ဝေဟင်၌<br>အလုပ်လုပ်ရန်<br>စင်မြင့် | √ လုံခြုံရေးဦးထုပ်၊ လုံခြုံရေးခါးပတ် ဝင်ဆင်ပြီး ချိတ်ကို သေချာစွာ ချိတ်ဆက်ပါ။<br>√ မရွေ့ပြောင်းမီ သွားလာမည့်လမ်းကြောင်းရှိ အဖုအထစ်များကို စစ်ဆေးပါ။<br>√ စင်မြင့်ပေါ်သို့ ရောက်ရှိနေစဉ် ဆွဲခြင်း (သို့) တွန်းခြင်း မပြုလုပ်ရ။ |  |
| ③<br>ဖိအားပေးစက် | √ အလင်းတန်း အာရုံခံ ကာကွယ်ရေး ကိရိယာ အလုပ်လုပ်ခြင်းရှိမရှိ စစ်ဆေးပါ။<br>√ လက်နှစ်ဖက်သုံး လုံခြုံရေးခလုတ်ကို အလုပ်မလုပ်အောင် ပြုပြင်ခြင်း မပြုရ(တားမြစ်သည်)။<br>√ ပုံစံခွက် တပ်ဆင်ချိန်တွင် ဘေးကင်းလုံခြုံရေး ဘလောက်တုံးကို အသုံးပြုပါ။ |  |
| ④<br>ပုံလောင်းပုံဖော်<br>စက် | √ တံခါးအကာအရံ၏ ဆက်နွယ်လုပ်ဆောင်မှုကို စစ်ဆေးပါ။<br>√ အရေးပေါ်ရပ်တန့်ခလုတ် တည်နေရာနှင့် လုပ်ဆောင်ချက်ကို စစ်ဆေးပါ။<br>√ ပုံစံခွက် လဲလှယ်ခြင်း (သို့) ပြုပြင်သန့်ရှင်းရေးလုပ်ချိန်တွင် လျှပ်စစ်မီးဖြတ်ပြီး “မမောင်းရ(စက်မနှိုးရ)” ဆိုင်းဘုတ် ချိတ်ဆွဲပါ။ |  |
| ⑤<br>အလေးချိန်စီး<br>ပစ္စည်းများ<br>ကိုင်တွယ်ခြင်း | √ သက်ဆိုင်သူ အလုပ်သမားမှလွဲ၍ ဝင်ရောက်ခြင်း မပြုရ။<br>√ အလုပ်သမားအချင်းချင်း ဘေးကင်းသော အကွာအဝေး ထားရှိပါ။<br>√ ဝန်မတင် ကရိန်းကြိုးများကို စစ်ဆေးပြီး လိုအပ်ပါက လဲလှယ်ပါ။ |  |
| ⑥<br>လုပ်ငန်းသုံး<br>စက်ရုပ်များ | √ စက်ရုပ် လှုပ်ရှားနိုင်သော ဧရိယာအတွင်း ဝင်ရောက်ခြင်း မပြုရ။<br>√ ကာကွယ်ရေး ကိရိယာများ အလုပ်လုပ်ပုံကို စစ်ဆေးပါ။<br>√ စစ်ဆေးခြင်းနှင့် ပြုပြင်ခြင်းများ ပြုလုပ်ချိန်တွင် မဖြစ်မနေ စက်ရပ်ထားပါ။ |  |

# လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးအတွက် ဤအချက်များကို မဖြစ်မနေလိုက်နာပါ

## အလုပ်သမားများအတွက် အဓိက ဘေးကင်းလုံခြုံရေး စည်းမျဉ်းများ

| | | |
|---|---|---|
| ⑥<br>ဂဟေဆော်ခြင်း<br>လုပ်ငန်း | √ မျက်နှာကာ ကိရိယာ ဝတ်ဆင်ပါ။<br>√ ဂတ်စ်အိုး ချိတ်ဆက်ချိန်တွင် ဂတ်စ်ယိုစိမ့်မှု မရှိစေရန် ပြန်လည်စစ်ဆေးပါ။<br>√ ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သော ပစ္စည်းများ ရှိမရှိ စစ်ဆေးပါ၊ မီးပွားကာကွယ်ရေး အကာအကွယ် တပ်ဆင်ပါ၊ မီးသတ်ဆေးဘူး တည်နေရာကို သိရှိထားပါ။ |  |
| ⑦<br>လျှပ်စစ်လုပ်ငန်း | √ လျှပ်စစ်ကာကွယ်ရေး ဝတ်စုံ/ကိရိယာ ဝတ်ဆင်ပါ။<br>√ မြေစိုက်ကြိုး ချိတ်ဆက်မှုကို စစ်ဆေးပါ။<br>√ လျှပ်စစ်လည်ပတ်မှု ဖြတ်တောက်သည့် ကိရိယာတပ်ဆင်မှုနှင့် လုပ်ဆောင်ချက်ကို စစ်ဆေးပါ။ |  |
| ⑧<br>အန္တရာယ်ရှိသော<br>ဓာတုပစ္စည်းများ<br>ကိုင်တွယ်ခြင်း | √ ဓာတုပစ္စည်း ဘေးကင်းလုံခြုံရေး အချက်အလက် (MSDS) ကို နားလည်ထားပါ။<br>√ သင့်လျော်သော ကာကွယ်ရေး ဝတ်စုံ ဝတ်ဆင်ပါ။<br>√ ပစ္စည်းများ လွင့်စင်နိုင်သော အန္တရာယ်ရှိပါက ဘေးကင်းလုံခြုံရေး မျက်မှန် တပ်ဆင်ပါ။ |  |
| ⑨<br>လေလုံခန်း၊<br>ပိတ်လှောင်နေရာ | √ လေရှူကိရိယာ (သို့) မျက်နှာဖုံးစသည့် ကာကွယ်ရေးပစ္စည်း ဝတ်ဆင်ပါ။<br>√ အောက်ဆီဂျင်နှင့် အဆိပ်သင့်ဓါတ်ငွေ့ ပမာဏကို တိုင်းတာပြီး လေဝင်လေထွက်ကောင်းအောင် လုပ်ပြီးမှ ဝင်ရောက်ပါ။<br>√ တစ်ယောက်တည်း အလုပ်မလုပ်ရ(တားမြစ်သည်)၊ အပြင်မှ စောင့်ကြည့်သူနှင့် အဆက်အသွယ် လုပ်နိုင်မည့် စနစ် ထားရှိပါ။ |  |
| ⑩<br>သစ်ပင်ခုတ်ခြင်း<br>လုပ်ငန်း | √ ချိတ်နေသော သစ်ပင်အောက်တွင် အလုပ်မလုပ်ရ(တားမြစ်သည်)။<br>√ သစ်ပင်အမျိုးအစားနှင့် လဲကျမည့် လမ်းကြောင်း သတ်မှတ်ပြီး ဖြတ်သည့် ထောင့်နှင့် အနက်ကို လိုက်နာပါ။<br>√ ပတ်ဝန်းကျင် အတားအဆီးများကို ဖယ်ရှားပြီး ဘေးကင်းစွာ ရှောင်တိမ်းနိုင်မည့် လမ်းကြောင်းနှင့် နေရာကို သေချာပါစေ။ |  |
| ⑪<br>ပြုပြင်ထိန်းသိမ်း<br>ခြင်း လုပ်ငန်း | √ အလုပ်မစမီ လျှပ်စစ်မီး(ပါဝါ) ဖြတ်တောက်ပါ။<br>√ “မမောင်းရ(စက်မနှိုးရ)” ဆိုင်းဘုတ် ချိတ်ဆွဲပါ။<br>√ အလုပ်ပြီးစီးပါက ပတ်ဝန်းကျင်ကို စစ်ဆေးပြီးမှ စက်မောင်းနှင်ပါ။ |  |